www.BibleForChildren.org

ยวง 1

ဧလိရှဖက် လူပဲ့စွဲစာ ခြောက်လထဲ ရောက်သောအခါ
ဘုရားသခင်ဟာ ခေါင်းခင်တမန် ဂါဗြေလအား ဂါလိလဲပြေ
နာဇရက်မြို့ဆိ မိန်းမပျိုတဦးဆေဟို စေလွှတ်အယ်။
အဲအပျိုကညာဟ ဒါဝိဒ်မင်းမှ ဆင်းသက်သူ ယောသပ်
နာမယ်ဆိသော ကွင်တယောက်နဲ့
နားဖောက်ထားသူ ဖြစ်အယ်။ သူမ
နာမယ်ဟ မာရိ ဖြစ်အယ်။

ခေါန်းခင်တမန်ဟ “မာရိ၊ မကြောက်နဲ့၊ နင်ဟာ
ဘုရားသခင် ဆေ့မှာ မျက်နှာရပီ။ နင်ဟာ
လူပဲ့စွဲယွေ့ အောင်နီငယ်ဟို မွေးလိမ့်မယ်၊
အဲအောင်နီငယ်ဟို ယေရှုလို့ နာမယ်
မှည့်ရမယ်။ အောင်နီငယ်ဟာ
ကြီးမြတ်လိမ့်မယ်၊ အမြင့်မြတ်ဆုံးသော
ဘုရားသခင်ရဲ့ သားတော်ဟု
အခေါ် ခံရလိမ့်မယ်။”



“သခင် ဘုရားသခင်ဟာ သူ့အဖ ဒါဝိဒ်မင်းရဲ့
ရာဇပလ္လင်ဟိုု သူ့အား ပေးလိမ့်မယ်။
သူဟာ ယာကုပ်အမျိုးဟိုု အစဉ်အမြဲ
အုပ်ချုပ်လိမ့်မယ်၊ အေးသူရဲ့
နိုင်ငံဟာလည်း ပစာခါမှ
ကုန်ဆုံးလိမ့်မယ် မဟုတ်” ဟု မာရိအား
ဟောအယ်။



မာရိဟ “ငါသည် အပျိုကညာ ဖြစ်သဖြင့် စလို
လူပဲ့စွဲယွေ့ အောင်နီငယ်ဟို မွေးနိန်မှာလုန်း”
ဟု ခေါ်းခင်တမန်ဟို မေးအယ်။

ခေါ်နှင်တမန်ဟာ “သန့်ဆုံးသော
ဝိညာဉ်တော်ဟာ နင်ရဲ့အပေါ်ဟို
သက်ရောက်ပင်း အမြင့်မြတ် ဆုံးသော
ဘုရားသခင်ရဲ့တန်ခိုးတော်ဟာ
နင့်ဟို လွှမ်းမိုးလိမ့်မယ်။”

“အဲအကျောန်းကျောန့်
သန့်ဆုင်းသော သား
ဟလည်း ဘုရားသခ
င်ရဲ့အောင်နီဟု ခေါ်
ခြင်းဟို ခံရလိမ့်မယ်။”

“များမကြာမီ မာရိဟ ပြင်ဆင်ယွေ့
တောင်ပေါ်ဒေသဆီ ယုဒပြေရဲ့မြို့တမြို့ဟို
အလျင်အမြန် သွားအယ်။
သူမဟ ဇာခရိရဲ့နေအိုင်ဟို
ဝင်ပင်း လေရှဇက်ဟို
နှုတ်ဆက်အယ်။”

မာရိရဲ့နှုတ်ဆက်စကားဟို ကြားသောအခါ၊
လေရှဗက်ရဲ့ဖိုက်ထဲဟ လူပဲ့ဟ လူပ်လေအယ်၊
လေရှဗက်ဟ သန့်ဆု င်းသော
ဝိညာဉ်တော်နဲ့ ပြေ့ဝလျက်၊
သူဟ အသံကျယ်ကျယ်
ဟောတာဟ “နင်ဟ
မိနီတကာလို့ထက်
မင်္ဂလာဆိအယ်၊ နင်မွေးမဲ့

အောင်နီငယ်ဟ
မင်္ဂလာဆိအယ်။”

ယေရှု ခရစ်ဟ ဖွားမျော်ခြင်းမှာ
ဟေလိုဖြစ်အယ်။ ကိုယ်တော်ရဲ့
အမေ့ မာရိနဲ့ ယောသပ်လို့
လက်မထပ်ခင်

စေ့စပ်ကျောန်းလမ်းထားပေမဲ့
လည်း၊ မာရိဟ သန့်ဆုင်းသော
ဝိညာဉ်တော်အားဖြင့်
လူပဲ့စွဲကျောန်း တွေ့ရအယ်။

သူရဲ့ဖိုးအို ယောသပ်ဟာ အမြဲတမ်း
ဖြောင့်မတ်သောသူ
ဖြစ်သောကျောန့် မာရိဟို
လူသိဆှင်ကြား အဆုက်တကွဲ
မဖြစ်စေလိုပါ။ အဲလိုမို့
သူဟာ တိတ်တိတ်လေး
စေ့စပ်ထား တာဟို ဖျက်မယ်လို့
စီစဉ်အယ်။

သူဟာ အဲအကျောန်းဟိုု စဉ်းစားနေခါ ဘုရားသခင်ရဲ့
ခေါ်နိုးခင်တမန်ဟ သူ့ရဲ့ အိမ်မက်ထဲမှာ ပေါ်လာယွေ့ “ဒါဝိဒ်အမျိုး
ယောသပ် နင့်ရဲ့ ပေါင်အိုမ မာရိဟိုု ယူရမှာ
မကြောက်နဲ့။ အကျောန်းမှာ ဟလူပဲ့စွဲခြင်းဟာ
သန့်ဆုင်းသော ဝိညာဉ်တော်ကျောန့် ဖြစ်အယ်။”

သူဟာ အောင်နီငယ်ဟို မေးလိမ့်မယ်။ အဲအောင်နီငယ်ဟာ မိမိလူလို့ဟို အပစ်မှ ကယ်ခွါတ်မယ့်သူ ဖြစ်သောကျောန့် ယေရှုဆိုသော နာမယ် ပေးရမယ်” ဟု ပြောအယ်။

ယောသပ်ဟာ အိပ်မွေ့ရာမှ နိုးလာသောအခါ ဘုရားသခင်ရဲ့
ခေါ်နှုးခင်တမန် မှာထားလဲ့အတိုင်း မိမိရဲ့ပေါင်အိုမဟို
လက်ထပ်လေအယ်။

အဲလိုလဲ သူဟ အောင်နီငယ်ဟို မမွေးသေးခင်အထိ မာရိနဲ့
ပေါင်းသင်းနေထိန်မူဟို မလုပ်ဘဲ နေအယ်။
သူဟ အဲအောင်နီငယ်ဟိုလည်း ယေရှု
ဟူသော နာမယ်ပေး လေအယ်။

အေးကာလနှိုက် ရောမ အင်ပါယာဆိ သန်းခေါင်စာရင်းဟို
ယူရန် ကေရာဇ် ဩဂုတ္တုပ
အမိန့်ထုတ်ပြန်အယ်။
လူအပေါင်းလို့ဟ

သန်းခေါင်စာရင်း
တင်ရန် မိမိလို့ မြို့ရွာဟို သွားကြအယ်။

ယောသပ်ဟာလည်း ဂါလိလဲပြေ နာဇရက်မြို့မှ ယုဒပြေ
ဗက်လင်မြို့လို့ နာမယ်တွင်သော
ဒါဝိဒ်မင်းရဲ့မြို့ဟို သွားအယ်။

ယောသပ်ဟာ ဒါဝိဒ်ရဲ့ အမျိုးနွယ်ဖြစ်သောကျောန့် အဲဟိုု သွားခြင်း
ဖြစ်အယ်။ သူနဲ့ လက်ထပ်ရန်
ကတိပြုပင်း လူပဲ့စွဲနေသော
မာရိနဲ့

စာရင်းသွင်းရန်
အဲနေရာသို့ သွားခဲ့အယ်။

ဗက်လင်မြို့တွင် သူလို့
ဆိုကြသောအခါနှိုက်
အောင်နီငယ်ကို မွေးရန်
နေ့စေ့လစေ့လျှင်၊ . . .

. . . သားဦးဟို မွေးယွေ့ ခန့်းနဲ့ ထုပ်ပင်း၊ ဧည့်သည် တည်းစရာ
နေရာန့ိုက် သူလို့နေစရာ
မဆိုသောကျောန့် အောင်နီငယ်ဟို
နွားစားခွက်ထဲမှာ
သိပ်ထားကြအယ်။

အေးပြေတွင် သိုးထိန်းတချို့ ဆိအယ်၊ သူလို့ဟ ညအခါ
ကွင်းပြင်များတွင် သိုးများဟို
စောင့်လျက်နေကြအယ်။

သခင်ဘုရားရဲ့ ခေါ်နိုးခင်တမန်ဟ သူလို့ဆော့မှာ ပေါ်လာအယ်၊
သူလို့ပတ် လည်တွင် သခင်ဘုရားရဲ့
ဘုန်းတော်
ထွန်းတောက်နေသဖြင့် . . .

. . . သူလို့ဟ ရမ်းဆာ့ ထိတ်လန့်ကြအယ်။ ခေါန်းခင်တမန်ဟ
“မကြောက်ကြနဲ့၊ ငါဟ လူအပေါင်းလို့
ရမ်းဆာ့
ဝမ်းသာစရာ
သတင်းကောင်းဟို့ . . .”

“. . . နင်လို့ဆေဟို ယူဆောင်လာအယ်။ ခုနေ့တွင် ဒါဝိဒ်မြို့နိုက်
သခင် ခရစ်တော်တည်းဟူသော

“နင်လို့ဟ ပစာနိမိတ်ဖြင့် သိရမယ်မှာ၊ အောင်နီငယ်ဟို
အနှီးနဲ့ထုပ်ထားပင်း နွားစားခွက်ထဲမှာ

သိပ်ထားလျက်
ဆိတာဟို

မျော်ကြလိမ့်မယ်”
ဟု ဆိုအယ်။

ခေါန်းခင်တမန်နဲ့အတူ ရုမ်းဆာ့များသော
ခေါန်းခင်ဗိုလ်ခြေလို့ဟ ခုတုံး ပေါ်လာယွေ့၊

ဘုရားသခင်ဟို သီဆို
ချီးမွန်းကြအယ်၊ . . .

. . . “ခေါန်းခင်ဘဝဂ်ဝယ် ဘုရားသခင်ဟ ဘုန်းကြီးပါစေ၊
မြေကြီးပေါ်မှာ ငြိမ်သက်ခြင်း ဆိစေယွေ့
လူလို့အား
မေတ္တာကရုဏာ
ဆိစေသတည်း”
ဟု မြွက်ဆိုကြအယ်။

ခေါန်းခင်တမန်များ ခေါန်းခင်ဘုံဟို ပြန်သွားကြသောအခါ
သိုးထိန်းလို့ဟ “ငါလို့သည် ဗက်လင်မြို့ဟို သွားကြကုန်အံ့၊
ငါလို့အား သခင်ဘုရား ဖော်ပြသောအကျောန်းအရာဟို
ကျေ့ကြကုန်အံ့” . . .

. . . ဟု အချင်းချင်း ပြောဆိုကြအယ်။ သူလို့ဟ အမြန် သွားပင်း
မာရိနဲ့ ယောသပ်ဟို လည်းကောင်း၊ နွားစားခွက်ထဲတွင်
သိပ်ထားသော အောင်နီငယ်ဟို လည်းကောင်း မျော်ကြအယ်။

အောင်နီငယ်ဟို သိုးထိန်းများ မျော်သောအခါ အောင်နီငယ်ရဲ့
အကျောန်းဟို သူလို့အား ခေါန်းခင်တမန် ဟောကျောန်းဟို
ပြောကြားကြအယ်။

ဟေရုဒ် မင်းကြီး
လက်ထက် အချိန်ကာ
လအတွင်း ယေရှုဟ
ယုဒပြေ

ဗက်လင်မြို့တွင်
ဖွားမျော်ပင်းနောက် အဆေ့တိုင်းနိုင်ငံမှ
နက္ခတ်ပညာဆုင်အချို့လို့ဟ
ယေရုရှလင်မြို့ဟို ရောက်လာကြယွေ့ . . .

. . . “အခု ဖွားမျော်သော
ယုဒ ဘုရင်ဟာ၊
ဖယ်နားမှာ ဆိုလုန်း။
အဆွေ့ပြေနှိုက်
သူရဲ့ကြယ်ဟို ငါလို့ မျော်ရတာ ဖြစ်ယွေ့
သူ့ဟို ဖူးမြော်ဖို့ရန် လာပီ” ဟု
မေးမြန်းပြောဆို ကြအယ်။

အဲပင်းရင် ဟေရှဒ်မင်းကြီးဟ
နတ်ကွပညာဆုင်လို့ဟို
တိတ်တိတ်လေးခေါပင်း
မေးမြန်းရာတွင် သူလို့ဆေမှ
ကြယ်ပေါ်ထွန်းသော
အချိန်ကာလဟို အတိအကျ
သိဆိသွားအယ်။

“သွားယွေ့ လူပဲ့ငယ်ဟို ကြိုးစား
ဆာကြမန့်။ နင်လို့ သူ့ဟို
တွေ့သောအခါ ပြန်လာယွေ့
ငါဟို ပြောကြားလော့။”

“အဲလို့မှ ငါလည်း သွားယွဲ့
အေးလူပဲ့ငယ်ဟို့
ဖူးမြော်ရအောန်” ဟု
မှာထားလျက်၊ သူလို့အား
ဗက်လင်မြို့ဟို့
စေလွှတ်လေအယ်။

အဲသူလို့ဟ မင်းကြီးစကားဟို နားထောင်ပင်းနောက်
ထွက်သွားကြယွေ့ အဆေ့ပြေန္ဒိုက် သူလို့
မျော်ခဲ့သော ကြယ်ဟ လူပဲ့ငယ်ဆိရာ
နေရာပေါ်ရောက်ယွေ့
တန့်လဲ့တိုင်အောန်
သူလို့အဆေ့ဟ
သွားလေအယ်။

သူလို့ဟ အဲကြယ်ဟို မျော်သောအခါ ရမ်းဆာ့
ဝမ်းမြောက်ဝမ်းသာခြင်း ဆိကြအယ်။ သူလို့ဟ
နေအိုင်ဟို ဝင်ယွေ့
မယ်တော်မာရိနဲ့တကွ လူပဲ့သငယ်ဟို
မျော်သောအခါ
ဒူးထောက်ယွေ့
ရှိခိုးကြအယ်။

သူလို့ရဲ့ ဘဏ္ဍာကြုတ်လို့ဟို ဖွင့်ပင်းမှ ဆွေ၊ လောဗန်နဲ့
မုရန်တည်းဟူသော လက်ဆောင်များဟို
ဆက်သကြအယ်။

အေးနောက်မှ ဟေရုဒ်မင်းကြီး ဆေဟို မပြန်ရမဲ့အကျောန်း
အိမ်မက်တွင် ဘုရားသခင် သတိပေးယွေ့ မိမိလို့
ပြေဟို တခြားလမ်း ဖြင့် ပြန်သွား
ကြအယ်။

အဲသူလို့ သွားပင်းနောက်၊ ယောသပ်
အိမ်မက်ထဲမှာ ထာဝရဘုရားရဲ့
ခေါင်းခင်တမန်ဟ ပေါ်လာပင်း
“ဟေရုဒ်မင်းကြီးဟ လူပဲ့သငယ်ဟို
သတ်ဖို့ရန် ဆာကြံနေအယ်။”

“အဲလိုမို့ ထလော့၊ မယ်တော်နဲ့
လူပဲ့သငယ်ဟို ယူပင်းယင်
အဲဂုတ္တုပြေဟို သွားလော့။
ငါထွက်သွားဖို့ ဟောလဲ့တို
င်အောန် အဲပြေနှိုက်
နေလော့” ဟု ဆိုလေအယ်။

အဲလိုမို့ ယောသပ်ဟာ ထပင်း၊
မယ်တော်နဲ့ လူပဲ့သငယ်ဟို
ညအချိန်တွင်း ခေါ်ယူပင်းရင်
အဲဂုတ္တုပြေဟို ထွက်သွားယွေ့၊
သူဟာ ဟေရုဒ်မင်းကြီး
အနိစ္စရောက်လဲတိုင်အောန်
အေးပြေမှာ နေလေအယ်။

အဲစာဟ “ငါ့သားဟို အဲဂုတ္တုပြေမှ
ငါခေါ် ခဲ့ပီ” ဟု ထာဝရဘုရားဟ
ပရောဖက်အားဖြင့် ထားသော
ဗျာဒိတ်တော်
ပြေစုံမယ့်အကျောန်း
ဖြစ်အယ်။

အဲအခါ ဟေရုဒ်မင်းကြီးဟာ
မာဂုပညာဆိုလို့ လှည့်စားတာဟို
သိရင်၊ သူဟာ ရမ်ဆာ့အူထော့ယွေ့
မာဂုပညာဆိဆေမှ သေချာစွာလေ့လာ
စီစစ်ထားလဲ

အချိန်ကာလအရ၊ . . .

. . . ဗက်လင်မြို့နဲ့
ၵင်းအရပ်ဒေသတဝိုက်ဆိသော
အသက်နေနှစ်အရွယ်နဲ့
အေးအောင်နီငယ်အားလုံးဟို
သတ်ရန်

အမိန့်ပေးလေအယ်။

ဟေရုဒ်မင်းကြီး
အနီစွရောက်ပင်းနောက်၊
ထာဝရဘုရားရဲ့ ခေါ်းခင်တမန်ဟ
အဲဂုတ္တုပြေန္နီက် ယောသပ်ရဲ့
အိမ်မက်ထဲမှာ
ပေါ်လာပင်း၊ . . .

. . . “ထလော့၊ မယ်တော်နဲ့
လူပဲ့သငယ်ဟို ခေါ်ပင်းရင်
ဣသရေလပြေဟို သွားလော့၊
လူပဲ့သငယ်ရဲ့ အသက်ဟို
သတ်ဖို့ ဆာသော
သူလို့ဟ သေကြပီ” ဟု
ဆိုအယ်။

အဲလိုလဲ အာခေလဟ
သူ့ရဲ့အဖ
ဟေရှဒ်မင်းကြီးအရာဟိုု
ဆက်ခံလျက်
ယုဒပြေတွင်
အုပ်ချုပ်နေကျောန်းဟို သူဟ
ကြားသောအခါ၊ အဲပြေဟို သွားရန် ကြောက်ရွံ့လေအယ်။

အိမ်မက်တွင်
ညွန်ကြားချက်ကို ရပင်းမှ
ဂါလိလဲပြေဟို သွားယွေ့၊
နာဇရက်
နာမယ်တွင်သော
မြို့တွင် နေထိန်လေအယ်။

“ကိုယ်တော်ဟို
နာဇရက်မြို့သား ဟု
ခေါ်ဝေါ် ကြရ လိမ့်မယ်”
ဟူသော

ပရောဖက်များရဲ့
ဟောပြောချက် အမန် ဖြစ်လာအယ်။

ဘုရားသခင်ဟ
လောကသားလို့ဟို
ရမ်းဆာ့ ချစ်သောကျောန့် မိမိရဲ့တပါးတည်းသော
သားတော်ဟို ပေးအယ်၊ အဲဟာဟ သားတော်ဟို
ယုံကြည်သောသူတိုင်း မပျက်စီးဘဲ
ထာဝရအသက်ဟို ရဆိစေရန်
ဖြစ်အယ်။

ရောမ 3:23 လူတိုင်းဟာ အပစ်ပြုကြပင်း ဘုရားသခင်ရဲ့
ကယ်တင်ခြင်း မျက်မှောက်တော်နဲ့ ဝေးကွာအယ်။

ရောမ 6:23 အကျောန်းမှာ အပစ်တရားရဲ့အခဟာ သေခြင်းဖြစ်ပေမဲ့
ဘုရားသခင်ရဲ့အလကားကား လက်ဆောင်ဟာ ငါလို့ အခုင်
ခရစ်တော် ယေရှုနဲ့ တလုံးတဝတည်းဖြစ်ခြင်းအားဖြင့် ရဆိလဲ့
ထာဝရ အသက် ဖြစ်အယ်။

ဟေဖြဲ 9:27 လူဟာ တကြိမ်တည်း သေယွေ့ အေးနောက်မှ
ဘုရားသခင်ရဲ့တရားစီရင်ခြင်းဟို ခံရအယ်။

ဖေက် 2:8,9 အကျောန်းမှာ ယုံကြည်ခြင်းအားဖြင့် နင်လို့ဟ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကျောန့် ကယ်တင်ခြင်းသို့ ရောက်ကြပီ။ နင့်ရဲ့ကြိုးစားအားထုတ်မှုရဲ့ ရလဒ်မဟုတ်ဘဲ ဘုရားသခင်ရဲ့ လက်ဆောင် ဖြစ်အယ်။ အေးလိုမို့ စသူမှ ဝါကြွားစရာ အကျောန်းမဆိ။

ရောမ 10:9,10 နင်လို့ဟ “ယေရှုဟ သခင် ဖြစ်အယ်” ဆိုတာဟို နင့်ရဲ့ စလောင်ဖြင့် ဝန်ခံယွေ့၊ ဘုရားသခင်ဟ အေးသူဟို သေခြင်းမှ ထမြောက်စေပီဟု စိတ်နေလုံးထဲန္ဒိုက် ယုံကြည်ရင်၊ နင်လို့ဟ ကယ်တင်ခြင်းဟို ရောက်လိမ့်မယ်။ အကျောန်းမှာ ငါလို့ စိတ်နေလုံးနဲ့ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်းဟို ရအယ်။ စလောင်ဖြင့် ဝန်ခံယွေ့ ကယ်တင်ခြင်း ခံရအယ်။

ယောဟန် 3:16,17 ဘုရားသခင်ဟာ လောကသားလို့ဟို ရမ်းဆာ့
ချစ်သောကျောန့် မိမိရဲ့တပါးတည်းသော သားတော်ဟို ပေးအယ်၊
အဲဟာဟ သားတော်ဟို ယုံကြည်သောသူတိုင်း မပျက်စီးဘဲ
ထာဝရအသက်ဟို ရဆိစေရန် ဖြစ်အယ်။ အကျောန်းမှာ
ဘုရားသခင်ဟ သားတော်ဟို ဟေလောကသို့ စေလွှတ်တာဟ
လောကသားလို့ဟို အပစ်စီရင်ရန် မဟုတ်၊ အဲလိုလဲ
လောကသားလို့ဟ သားတော်အားဖြင့် ကယ်တင်ခြင်း
ခံရရန်အတွက် ဖြစ်အယ်။

၁ ယောဟန် 5:11-13 အဲသက်သေခံချက်မှာ ဘုရားသခင်ဟာ ငါလို့အား ထာဝရ အသက်ဟို ပေးပင်း အဲအသက်ဟ ဘုရားသခင်ရဲ့ သားတော်နိုက် ဆိအယ်ဟူယွေ့ဖြစ်အယ်။ သားတော်ဟို ရဆိသောသူဟ အသက်ဟို ရအယ်။ ဘုရားသခင်ရဲ့သားတော်ဟို မရဆိသောသူဟ အသက်ဟို မရ။ ဘုရားသခင်ရဲ့သားတော်ဟို ယုံကြည်သောသူ နင်လို့ဟ ထာဝရ အသက်ဟို ရဆိကျောန်း သိကြစေရန် ဟေအကျောန်းအရာများဟို ငါ ရေးလိုက်အယ်။

မဿဲ 1-2; လုကာ 1-2

Storyline by: Edward D. Hughes

Illustrated by: M. Maillot
and Alastair Paterson

Adapted by: E. Frischbutter; Sarah S.

Danu NT (dnv) © The Word for the World International, 2024.

https://www.bible.com/en-GB/bible/3789/MAT.1.NTDNB24

©2026 Bible for Children, Inc.
www.M1914.org www.bibleforchildren.org